
# ACC Against COVID-19





## အစီအစဉ် (၆)

## “နိုင်ငံသားကောင်းပီသစွာ နေကြရအောင်ပါ”

တင်ပြသူ
ဒေါ်နီလာဦး
(ဒုတိယဌာနေကိုယ်စားလှယ်)
(HD Centre)

နိုင်ငံသားကောင်းပီသတဲ့လူတစ်ဦး ဟာ လူမှုဆက်ဆံရေးနယ်ပယ်မှာ ယဉ်ကျေးစွာ ပြုမူပြောဆိုဆက်ဆံပြီး ရိုးသားဖြောင့်မတ်တည်ကြည်တယ်၊ အတွေးအခေါ်မြင့်မားပြီး အခြားလူတစ်ဦးဦးကိုဖြစ်စေ၊ လူ့အဖွဲ့အစည်းကိုဖြစ်စေ၊ မိမိနိုင်ငံကိုဖြစ်စေ ဂုဏ်သိက္ခာထိခိုက် ညှိုးနွမ်းအောင် မလုပ်ကြဘူး၊ ရိုးရှင်းစွာပြောရမယ်ဆိုရင် နိုင်ငံသားကောင်းပီသတဲ့စိတ်ဓါတ်ဟာ လူသားတွေအပေါ်မှာ ကိုယ်ချင်းစာစိတ် (Empathy) ထားပြီး မျှတမှု (Fairness) ရှိကြပါတယ်။





လူ့စည်းကမ်းကျင့်ဝတ်တွေကို လိုက်နာကြပြီး
လူလူချင်း လေးစား (Respect) ကာ
မိမိဂုဏ်သိက္ခာကို ဂုဏ်ယူစွာထိန်းထားကြပါတယ်။



## Don’t






ဂုဏ်သိက္ခာဆိုတာ ပါဝါအာဏာရှိမှုမဟုတ်ပါဘူး၊
ငွေကြေးချမ်းသာမှုလည်းမဟုတ်ပါဘူး၊ မိမိကိုယ်တိုင်
အပေါ်မှာကော သူတစ်ပါးအပေါ်မှာပါ ဖြောင့်မတ်တည်ကြည်စွာ (Integrity)
ပြုမူကျင့်ကြံခြင်း ဖြစ်ပါတယ်။ အကျင့်သိက္ခာပိုင်းဆိုင်ရာ၊
ကျင့်ဝတ်ပိုင်းဆိုင်ရာမှုများကို အမြဲလိုက်နာစောင့်ထိန်းခြင်းဖြစ်ပါတယ်။



## COVID-19 နှင့် အဂတိလိုက်စားမှု

COVID-19 လို့ခေါ်တဲ့ ကိုရိုနာဗိုင်းရပ်စ်ပိုးရဲ့
မြန်နှုန်းမြင့်ကူးစက်မှုကြီးဟာ ကမ္ဘာတစ်ဝှမ်း
လူ့အသိုင်းအဝိုင်း တစ်ခုလုံးကို
ခြိမ်းခြောက်နေတဲ့ မကြုံစဖူး
ကြုံတွေ့ရင်ဆိုင်နေရသော
ရောဂါကပ်ဆိုးကြီးတစ်ခုဖြစ်ပါတယ်။






ဒီကပ်ရောဂါဆိုးကြီးဟာ တစ်ကမ္ဘာလုံးရဲ့
နိုင်ငံပေါင်းများစွာမှာ ကျန်းမာရေး
ကဏ္ဍတင်မကဘဲ စီးပွားရေး၊ လူမှုရေး၊
ပညာရေးကဏ္ဍများအပါအဝင်
ကဏ္ဍပေါင်းစုံကိုတုံ့ဆိုင်းထိခိုက်လာစေတဲ့
အတိုင်း ဒီရောဂါဆိုးကြီးကို
တိုက်ဖျက်ကြတဲ့အခါမှာ
ဒွန်တွဲဖြစ်ပေါ်လာနိုင်တဲ့ အဂတိလိုက်စားမှု၊
စာရိတ္တယိုယွင်းမှုတွေဟာလည်း
ခြိမ်းခြောက်မှုတစ်ရပ် ဖြစ်လာတတ်ပါတယ်။







တစ်ကမ္ဘာလုံးက နိုင်ငံများ၊ အစိုးရများ၊
ပြည်သူလူထုတွေဟာ ကိုရိုနာဗိုင်းရပ်စ်
ရောဂါကပ်ဘေးကြောင့် စိုးရိမ်ကြောက်ရွံ့
ဒုက္ခရောက်နေချိန်မှာ မိမိကိုယ်ကျိုးကိုသာကြည့်ပြီး
အဲဒီအပေါ် အခွင့်ကောင်းယူအမြတ်ထုတ်ဖို့
အခွင့်အရေးသမား (Opportunist) တွေက
ကြိုးပမ်းလာတာတွေရှိလာတတ်ကြပါတယ်။
ဒီအန္တရာယ်ကို  ဖော်ထုတ်ကာကွယ်နိုင်ဖို့လည်း
အလွန်အရေးကြီးပါတယ်။






ကိုဗစ်–၁၉ ကြောင့် အကျင့်ပျက်ခြစားမှုတွေတိုးပွားလာနိုင်ကြောင်း၊ နိုင်ငံတွေဟာ အခုလို အရေးပေါ်ကာလမှာ အရေးပေါ်အခြေအနေကို လျော့နည်းသွားစေရန် ငွေတွေပုံအောသုံးတာမျိုး လုပ်တဲ့အခါ အဂတိလိုက်စားမှုအန္တရာယ်ကို လျှော့တွက်လို့မရဘူး၊ အကျိုးစီးပွားချင်းပဋိပက္ခဖြစ်တတ်ပြီး ဆေးပစ္စည်းအတုတွေကို ဈေးကွက်ထဲမှာ ဖြန့်ဝေတတ်တာကြောင့် တာဝန်ယူမှု၊ တာဝန်ခံမှု (Accountability) ရှိနေစေရေးအတွက် အမြဲကြပ်မတ်လုပ်ဆောင်ဖို့၊ ကိုဗစ်–၁၉နဲ့ပတ်သက်တဲ့ အရေးယူဆောင်ရွက်မှုတွေမှာ ပွင့်လင်းမြင်သာမှု (Transparency) ရှိဖို့ကို President of the Council of Europe’s Group of States Against Corruption (GRECO), Marin Mrčela က တိုက်တွန်း ပြောကြားခဲ့ပါတယ်။

What is accountability?







ဒါ့ကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့
ရန်ပုံငွေတွေ ချမှတ်ပေးတဲ့အခါ၊
လုပ်ပိုင်ခွင့်တွေပေးတဲ့အခါမှာ
အကျင့်ပျက်မှု၊ လုပ်ပိုင်ခွင့်ပါဝါကို
လိုအပ်တာထက်ပိုသုံးတာ၊ တလွဲအသုံးချတာ
အစရှိတဲ့ အကျိုးစီးပွားပဋိပက္ခတွေ
(Conflict of Interest) မဖြစ်လာနိုင်အောင်
စနစ်တကျ စောင့်ကြည့်စစ်ဆေးမှု (Monitoring)
တွေလုပ်ပြီး ထိန်းပေးရန်လည်း လိုအပ်ပါတယ်။





Instructions




ညွှန်ကြားချက်တွေဟာ
ရှင်းလင်းပြတ်သားဖို့လိုအပ်ပြီး လုပ်ပိုင်ခွင့်
(Mandate) ကိုလည်း
သက်ဆိုင်ရာဌာနတွေ အဆင့်ဆင့်ကို
တိကျရှင်းလင်းစွာပေးထားရန်
လိုအပ်ပါတယ်။ ဒါမှ တာဝန်ယူမှု
တာဝန်ခံမှု (Accountability) တွေ
ပိုမိုခိုင်မာလာမှာဖြစ်ပါတယ်။



# တာဝန်ယူမှု တာဝန်ခံမှု (Accountability)



ဒီလိုအခက်အခဲမျိုးစုံကြုံတွေ့နေစေတဲ့
ဒီရောဂါကပ်ဆိုးပြဿနာကြီးကို ဖြေရှင်းနေကြတဲ့အခါမှာ
ဘယ်လိုကဏ္ဍကနေ ပါဝင်ကူညီနိုင်မလဲ၊ အနည်းဆုံး
စည်းမျဉ်းစည်းကမ်းတွေ၊ ကျန်းမာရေးအခြေခံ
ကာကွယ်ရေး လမ်းညွှန်ချက်တွေ၊ သတိပေးချက်
တွေကိုလိုက်နာပေးနေရင်တောင်
ကူညီရာရောက်ပါတယ်။








ဒါကြောင့် ဒီလိုရောဂါကပ်ဆိုးကြီးကို
ရင်ဆိုင်တိုက်ဖျက်နေကြရတဲ့အချိန်မှာ
''တာဝန်ယူမှုတာဝန်ခံမှုအစမိမိက''
(Accountability starts with you) ဆိုတဲ့အတိုင်း
ပြည်သူလူထုအားလုံးရဲ့ လိုလိုလားလား
တာဝန်သိစိတ်နဲ့ ပူးပေါင်းပါဝင်မှု
(Cooperation and participation) က အလွန်အရေးကြီးပါတယ်။








ACC Against COVID-19

Daw Nilar Oo

**No Selfish**




မိမိကိုယ်တိုင်ကမှ မကာကွယ်လို့ ကူးစက်ခံရရင်
မိမိကတဆင့် အခြားလူတွေကို ရောဂါကူးစက်မယ်၊
တစ်ယောက်မှ တစ်ဆယ်၊ တစ်ဆယ်မှ တစ်ရာ၊ တစ်ရာမှ
ထောင် သောင်း သိန်း အထိ ပြန့်သွားမယ့်
အန္တရာယ်ရှိလာမှာ ဖြစ်ပါတယ်။ နစ်နာဆုံးရှုံးမှုတွေ
ဖြစ်မယ်။ မိမိ တစ်ယောက်ကြောင့် အခြားသူတွေ ထိခိုက်
နစ်နာစေတာမျိုးကို ရှောင်ရှားတာဟာ လူ့ကျင့်ဝတ်
တစ်ခုဖြစ်သလို မိမိနိုင်ငံအတွက်လဲ
တစ်ဖက်တစ်လမ်းကနေ တာဝန်သိစွာ
ကူညီပံ့ပိုးပေးရာ ရောက်ပါတယ်။











# MOVING TOGETHER


## ပူးပေါင်းပါဝင်မှု (Cooperation and Participation)

မြန်မာလူထုတွေက ဒီကပ်ရောဂါကြီးကို ကာကွယ်ရာမှာ ဘယ်လောက်အထိပူးပေါင်းပါဝင်ကြလဲဆိုတာကို ပြသနေတဲ့ သိသာထင်ရှားတဲ့ဖြစ်ရပ်တစ်ခုကတော့ မြန်မာပြည်သူတွေ စိတ်လွတ်ကိုယ်လွတ်ပျော်ရွှင်ကြတဲ့၊ တစ်နှစ်တစ်ခါမျှော်ရတဲ့ နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကြီးကို ကပ်ရောဂါကြောင့် မကျင်းပဖို့ နိုင်ငံတော်အစိုးရ က ကြေညာလိုက်တဲ့အခါမှာဖြစ်ပါတယ်။



Water festival

# SOLVING



ပြည်သူလူထုအားလုံး လူကြီး လူလတ် လူငယ်
ကလေးပါမကျန် အားလုံးက လက်ခံလိုက်နာကြတာဟာ
ကပ်ရောဂါရဲ့ အတိမ်အနက်ကိုနားလည်ပြီး မိမိရပ်ကွက်
မိမိဒေသ မိမိနိုင်ငံအထိ ဒီရောဂါပိုး
ပျံ့နှံ့ကူးစက်မသွားအောင် မိမိရဲ့စိတ်သဘောနဲ့
ပါဝင်ကူညီကြ၊ တစ်ဦးကို တစ်ဦး အပြန်အလှန်
ထိန်းကျောင်းကြတာကိုတွေ့ရတာ
အလွန်ချစ်စရာကောင်းတဲ့ ယဉ်ကျေးမှု
တစ်ခုဖြစ်ပါတယ်။








စေတနာရှင်တွေ၊ ပရဟိတ အဖွဲ့တွေ၊
ဖောင်ဒေးရှင်းတွေ၊ အင်စတီကျူးရှင်းတွေ၊
ကျောင်းသားလူငယ်လူရွယ်တွေ၊
ဘာသာရေးအဖွဲ့တွေ၊
ဆရာဝန်ဆရာမတွေအပါအဝင်
ကျန်းမာရေးဝန်ထမ်းတွေ၊ အနုပညာရှင်တွေ
အစရှိတဲ့အဖွဲ့အသီးသီးက လိုအပ်သည်များကို
မိမိတတ်စွမ်းနိုင်တဲ့ကဏ္ဍတွေကနေ
လိုက်လံဖြည့်ဆည်းပေး နေကြပါတယ်။






Good Manners



Quarantine လုပ်ဖို့ ယာယီစခန်းနေရာများကို သန့်ရှင်းရေးများကူညီလုပ်ဆောင်ပေးတာ၊
စျေးထွက်ဝယ်ပေးတာ၊ ရောဂါသံသယဖြစ်နေသူ၊ ပိုးကူးစက်သူတွေကို စောင့်ရှောက်ကုသပေးတာ၊
သွားရောက်ဖျော်ဖြေပေးပြီး  စိတ်ဓါတ်ခွန်အားတွေ မြှင့်တင်ပေးတာ၊ နွမ်းပါးတဲ့
အခြေခံလူတန်းစားတွေ အပြင်ထွက် အလုပ်မလုပ်ရတဲ့ ကာလအတွင်း
စားဝတ်နေရေးပြေလည်အောင် သွားရောက်လှူဒါန်းနေကြတာ စသဖြင့် ဆော်သြရန်မလိုဘဲ
မိမိစေတနာဆန္ဒ၊ ခိုင်မာသောရပ်တည်ချက်တို့ဖြင့် မိမိကိုယ်ကျိုးကို စွန့်ပြီး ရောဂါကူးစက်မည့်
အန္တရာယ်ကို မကြောက်မရွံ့၊ လိုအပ်ချက်ကို ရှေးရှုပြီး ရှေ့တန်းမှာ စွန့်စွန့်စားစား
ထောင့်တစ်နေရာကနေ ပါဝင်လှုပ်ရှားကြတာဟာလည်း တကယ့်ကို မွန်မြတ်တဲ့စိတ်ထား၊
မွန်မြတ်တဲ့ နိုင်ငံသားကောင်းတွေ ဖြစ်ပါတယ်။










## ခွဲခြားဆက်ဆံမှုမရှိခြင်း (Non–discrimination)





ပြည်တွင်းနဲ့ အခြားနိုင်ငံတွေကို သွားပြီးအလုပ်လုပ်ကြပြီး ပြန်လာတဲ့ ရွှေ့ပြောင်းလုပ်သားတွေကိုလဲ ရောဂါပိုး သယ်လာသူ၊ အပြစ်ရှိသူတွေလို ခွဲခြားဆက်ဆံတာမျိုး၊ ပစ်ပယ်တာမျိုးမလုပ်ဘဲ သူ့နေရာမှာ ကိုယ်တိုင်ဝင်ကြည့်ပြီး ငါသာဆိုလျှင် ဆိုတဲ့ ကိုယ်ချင်းစာစိတ်လေး (Empathy) နဲ့ ညှာတာပေးတာ၊ လုံခြုံစိတ်ချရအောင် လိုအပ်တာကို ဖြည့်ဆည်းကူညီပေးတာ၊ နည်းလမ်းမှန်မှန်နဲ့ ကာကွယ်တာတွေဟာလည်း နိုင်ငံသားကောင်း တစ်ယောက်ရဲ့ စိတ်ဓါတ် ဖြစ်ပါတယ်။





# ပွင့်လင်းမြင်သာမှု (Transparency)

သက်ဆိုင်ရာအစိုးရဌာနတွေကလဲ သတင်းကို ပွင့်လင်းမြင်သာမှုရှိရှိ ထုတ်ပြန်ပေးရမှာဖြစ်တယ်။ လိုအပ်တဲ့ ဆေးနဲ့ဆေးပစ္စည်းတွေ၊ လူအင်အား၊ ပစ္စည်းအင်အား၊ ဘဏ္ဍာငွေ အစရှိတဲ့ သတင်းအချက်အလက်တွေကို ပြည်သူတွေသိရှိစေရန် ပွင့်လင်းမြင်သာစွာ (Transparency) ချပြဖို့က အလွန်ပင်အရေးကြီးလှပါတယ်။




ACC Against COVID-19

Daw Nilar Oo





သက်ဆိုင်ရာအစိုးရဌာနတွေက မိမိရဲ့လက်ရှိအခြေအနေကို
ပွင့်ပွင့်လင်းလင်း ပြည်သူတွေကို ချပြတဲ့အခါမှာ
ပြည်သူတွေကလဲ မိမိတို့တတ်နိုင်တဲ့ဘက်ကနေ
လိုအပ်တာတွေကို ဖြည့်ဆည်းကူညီလှူဒါန်းလာကြတာတွေ
ကိုတွေ့နိုင်ပါတယ်။ နေ့စဉ် ကိုဗစ်-၁၉ နဲ့ပတ်သက်တဲ့
သတင်းအချက်အလက်တွေကို အချိန်နဲ့ တပြေးညီ
ထုတ်ပြန်ပေးနေခြင်းဖြင့် ပြည်သူတွေရဲ့ ပိုပြီး
အလေးထားလာမှု၊ ပူးပေါင်းလာမှုတွေကို ရရှိလာပါတယ်။










တစ်ကမ္ဘာလုံး ဒီရောဂါကပ်ဘေးကြီး ခက်ခက်ခဲခဲ
ရင်ဆိုင်နေရချိန်မှာ ကောလာဟလတွေ၊ သတင်းမှားတွေ၊
လုပ်ကြံသတင်းတွေ၊ စိစစ်မထားတဲ့ မခိုင်လုံတဲ့သတင်းတွေ၊
ဓါတ်ပုံတွေ၊ ဗီဒီယို အပိုင်းအစတွေကို လူမှုမီဒီယာကွန်ယက်
အမျိုးမျိုးကနေဖြန့်တာဟာ လူတွေကို မလိုလားအပ်တဲ့
ထိတ်လန့်တုန်လှုပ်မှုတွေ၊ စိုးရိမ်မှုတွေ ပိုမိုဖြစ်စေနိုင်ပါတယ်။



တကယ့်ဖြစ်ရပ်မှန်၊ သတင်းမှန်တွေက
သတင်းမှားတွေအပေါ်
မလွှမ်းမိုးနိုင်တော့ဘဲ၊
လုပ်ကြံသတင်းတွေ၊ ဖောင်းပွနေတဲ့
သတင်းမှားတွေက သတင်းမှန်တွေ
ပြည်သူတွေထံရောက်ဖို့
အဟန့်အတားတွေ ဖြစ်စေပါတယ်။










ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အဲဒါကို
ကိုင်တွယ်ထိန်းချုပ်ဖြေရှင်းလို့မရ
လောက်အောင် ဖောင်းပွနေတဲ့
သတင်းကပ်ဘေး ‘Infodemic’ လို့
သုံးနှုန်းလိုက်ပါတယ်။







ဒါကြောင့် အစိုးရတစ်ရပ်ဟာ ပွင့်လင်းမြင်သာမှု ကတဆင့်
ပြည်သူတွေရဲ့ ယုံကြည်မှုကိုရယူနိုင်ဖို့ ရယူထားဖို့အလွန်အရေးကြီး
ပါတယ်။ အထူးသဖြင့် လူဆိုတာက စိတ်ထိခိုက်မှု (Emotion)
ဖြစ်လာတဲ့အခါမှာ စိတ်လှုပ်ရှားမှုနောက်ကို ပါသွားတတ်တော့
စဉ်းစားဆင်ခြင်တုံတရား အားနည်းသွားတတ်တာ သဘာဝပါ။
မြန်မာပြည်သူလူထု အများစုက မိမိရဲ့ ယဉ်ကျေးမှုအရ
စိုးရိမ်တတ်တယ်၊ သည်းခံတတ်တယ်၊ ယုံလွယ်တတ်သေးတယ်၊
ဒါ့ကြောင့် ပြည်သူတွေက သတင်းတွေကိုချင့်ချိန်စဉ်းစားပြီးမှသာ
ယုံကြည်လက်ခံသင့်ပါတယ်။



မိမိတစ်ဦးတစ်ယောက်
ရဲ့တာဝန်မဲ့မှုကြောင့်
လူအများဒုက္ခရောက်
ရတာမျိုး မဖြစ်အောင်
လူ့စည်းကမ်း လူ့ကျင့်ဝတ်နဲ့အညီ
ကြိုးစား ကျင့်ကြံနေထိုင်
ကြရမှာဖြစ်ပါတယ်။







မတူကွဲပြားမှုနှင့် အားလုံး
ပါဝင်စေခြင်း (Inclusiveness)
ယနေ့ကမ္ဘာကြီးရင်ဆိုင်နေရ
သည့် ရောဂါကပ်ဘေးကြီးကို
တိုက်ဖျက်ရာတွင်
မတူကွဲပြားသောလူအမျိုးမျိုး
ပါဝင်စေခြင်း (Inclusiveness)
ကလည်း ပြဿနာကို
ဖြေရှင်းရာမှာများစွာ
အထောက်အကူဖြစ်စေပါတယ်။




မတူကွဲပြားမှုသည် ခွန်အားဖြစ်သည် (Diversity is strength.)
ဟုဆိုသည့်အတိုင်း ကြွယ်ဝသောအတွေးအခေါ် အမျိုးမျိုး၊
နောက်ခံသမိုင်းကြောင်းတွေ၊ ရှုထောင့်အမြင်တွေ အားလုံးကို
ပေါင်းစပ်တွဲဖက်ပြီး ပြည်သူလူထုအားလုံးရဲ့
အကျိုးစီးပွားနဲ့လျော်ညီတဲ့ အဖြေကိုရှာနိုင်ပါတယ်။
မတူကွဲပြားတဲ့အဖွဲ့ အားလုံး အပြည့်အဝပါဝင်စေခြင်းဖြင့်
မတူကွဲပြားခြင်း၏ ကွဲပြားခြားနားမှုများကို တန်ဖိုးထားသည်ကို
ပြသနေတာ ဖြစ်ပါတယ်။












အဓိကပြောရမယ်ဆိုရင် လူတစ်ဦးချင်းစီဟာ ကိုယ်ကျိုးအတ္တကို ဦးစားမပေးဘဲ
ဖြောင့်မတ်တည်ကြည် (Integrity) ပြီး အကျင့်စာရိတ္တကောင်းမွန်တဲ့ တန်ဘိုးရှိတဲ့
နိုင်ငံသားကောင်းပီသအောင် ကိုယ်တိုင်ကလည်း စောင့်ထိန်းကျင့်ကြံ၊
အခြားလူတွေကိုလည်းတိုက်တွန်းကာ အခုရင်ဆိုင်ကြုံတွေ့နေရတဲ့ ကိုဗစ်-၁၉ ရောဂါ
ကပ်ဘေးကြီးကို မိမိတတ်နိုင်တဲ့ဘက်ကနေပါဝင်ပြီး ဆက်လက်
ဝိုင်းဝန်းတိုက်ဖျက်ကြပါလို့ ဤဆောင်းပါးလေးနဲ့ နှိုးဆော်လိုက်ပါတယ်။

လူသားအားလုံး ကျန်းမာရွှင်လန်းကြပါစေ။